**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာအားစိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက် အသေးစိတ်စာရင်း (Checklist) (IEE** သို့မဟုတ် **EIA** ဆောင်ရွက်ရမည့် စီမံကိန်းအရွယ်အစားမဟုတ်သည့် အသေးစား စီမံကိန်းများ၏ **EMP Report** များစိစစ်ရာတွင်အသုံးပြုရန်)

စီမံကိန်းအဆိုပြုသူများမှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာအား စိစစ်သုံးသပ်ရာတွင် ကောင်းစွာအထောက်အပံ့ဖြစ်စေရေးကိုဦးတည်၍ ဤတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များကို ပြုစုပါသည်။ ဤတိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်များမှာ စီမံကိန်းအဆိုပြုလွှာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများ အား စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်အတွဲများအနက် အတွဲတစ်ခုဖြစ်ပါသည်။

ယခုတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ၌ “**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ (Review Checklists)**” နှင့် “**အထောက်အကူပြုစာရွက်စာတမ်းများ (Supplementary Document)**” ဟူ၍ နှစ်ပိုင်းပါရှိပါသည်။ စိစစ်သုံးသပ်သူမှ စိစစ်သုံးသပ်ရာတွင် ပထမအပိုင်းအား အသုံးပြုရန်ဖြစ်ပြီး အစီရင်ခံစာအားစိစစ်စဉ် လိုအပ်မည့်လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအတွက် ဒုတိယအပိုင်းအား အသုံးပြုရန်ဖြစ်ပါသည်။ အဆိုပါနှစ်ပိုင်းအား Hyperlink ဖြင့်ချိတ်ဆက်ထားပြီး စိစစ်သုံးသပ်သူမှ ပထမအပိုင်း တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များရှိ “Hint” အားနှိပ်ပါက ဒုတိယအပိုင်း အထောက်အကူပြုစာရွက်စာတမ်း များရှိ ယင်းနှင့်သက်ဆိုင်သည့်လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအား ကွန်ပြူတာမှအလိုအလျောက် ဖွင့်ပေးမည် ဖြစ်ပါသည်။

စိစစ်သုံးသပ်ရမည့်အချက်၏ အရေးကြီးမှုအပေါ်မူတည်၍ အသုံးချနိုင်မှု (**Applicability**) တွင် “**Essential**”၊ “**Dependent**” နှင့် “**Optional**” ဟု (၃) ဆင့်ထပ်မံကွဲပြားမည်ဖြစ်ပါသည်။ “**Essential**” အဆင့်စိစစ်သုံးသပ်ရမည့် အချက်များမှာ စိစစ်သုံးသပ်ရန်အမြဲလိုအပ်မည်ဖြစ်ပြီး၊ “**Dependent**” အဆင့်မှာ အဆိုပြုစီမံကိန်း၏ သဘောသဘာဝ၊ အခြေအနေနှင့် စီမံကိန်းနှင့်သက်ဆိုင်မှု ရှိ မရှိ အပေါ်မူတည်သုံးသပ်ရမည်ဖြစ်က၊ စီမံကိန်းနှင့်ပတ်သက်၍ အဓိက မကျသော သို့မဟုတ် မြင့်မားသည့်နည်းပညာ၊ အယူအဆများလိုအပ်၍ စီမံကိန်းကလိုက်နာဆောင်ရွက်ရန် အခက်အခဲ အတားအဆီးရှိခြင်းများအတွက် “**Optional**” အဆင့်တွင် ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 0.1. | **အကျဉ်းချုပ်အစီရင်ခံစာ** | | | | |
| 0.1.1. | EMP အစီရင်ခံစာတွင် စာမျက်နှာများစွာပါဝင်ပါက အခန်းအလိုက် အချက်အလက်အကျဉ်းချုပ်အားဖော်ပြထားသည့် အကျဉ်းချုပ်အစီရင်ခံစာကို ဖော်ပြထားပါသလား။ | Essential | | | |
| | **အပိုင်း(၀) အတွက် မြို့ငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1. | **မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်** | | | | |
| 1.1. | အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှု | | | | |
| 1.1.1. | ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများရှိပါက ဖော်ပြထားပါသလား။ | Optional | | | Hint |
| 1.1.2. | စီမံကိန်းနှင့်ဆက်စပ်မှုရှိသည့် လက်ရှိမြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် စံနှုန်းများကို စီမံကိန်းကလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.3. | လျှော့ချမည့်နည်းလမ်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအမံများ၊ အကြံဉာဏ်များရယူခြင်း၊ မကျေနပ်ချက်တိုင်ကြားခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို ကြီးကြပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရေး တာဝန်ယူမည့်အဖွဲ့အစည်းကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.4. | ခန့်ထားမည့်ဝန်ထမ်းအင်အားလိုအပ်ချက်နှင့် ယင်းတို့တာဝန်ယူ ဆောင်ရွက်မည့်အပိုင်းများကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.5. | EMP တွင်ဖော်ပြထားသည့်အဆိုပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချောမွေ့စေရေး စီမံကိန်းအဆိုပြုသူ၏ အဖွဲ့အစည်းအတွင်းနှင့် စီမံကိန်းပြင်ပအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရေးယန္တရားကို ဖော်ပြထားပါသလား။ | Optional | | | Hint |
| 1.1.6. | **အတည်ပြုဝန်ခံချက်**<br>အစီရင်ခံစာတွင်ဖော်ပြထားသည့် ဆိုးကျိုးသက်ရောက်မှုများအတွက် လျှော့ချမည့်နည်းလမ်းများကို အမှန်တကယ်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ၏ အတည်ပြုဝန်ခံချက်အား ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.7. | စီမံကိန်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများအား စီမံကိန်းအကောင်အထည်ဖော်ရာတွင် အပြည့်အဝလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ၏အတည်ပြုဝန်ခံချက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.8. | သတင်းအချက်အလက်များရယူခြင်း၊ အစီရင်ခံစာပြင်ဆင်တင်ပြခြင်း၊ အစီရင်ခံစာ၏ ပြည့်စုံလုံလောက်မှုနှင့် တော်တည့်မှန်ကန်မှုများနှင့် စပ်လျဉ်း၍ EMP လေ့လာမှု၏အရည်အသွေးကို ကောင်းစွာထိန်းချုပ်ထားကြောင်း အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အတည်ပြုဝန်ခံချက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.1.9. | စီမံကိန်းကလိုက်နာဆောင်ရွက်မည့် အတည်ပြုဝန်ခံချက်များကို စာရင်းပြုစုဖော်ပြထားပါသလား။ | Essential | | | |
| | **အပိုင်း(၁) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 2. | **စီမံကိန်းအကြောင်းအရာဖော်ပြချက်အကျဉ်း** စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် စီမံကိန်းကဆောင်ရွက်မည့်လုပ်ငန်းများအားလုံးကို ဖော်ပြရမည်။ | | | | |
| 2.1. | **စီမံကိန်းနှင့် အဓိကဆက်စပ်ပတ်သက်သူများအကြောင်း ရှင်းလင်းတင်ပြချက်** | | | | |
| 2.1.1. | စီမံကိန်း၏ အမျိုးအစားနှင့် အရွယ်အစားကို ဖော်ပြထားပါသလား။ | Essential | | | |
| 2.1.2. | စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ထုတ်လုပ်မှုပမာဏကို ဖော်ပြထားပါသလား။ | Optional | | | Hint |
| 2.1.3. | စီမံကိန်းတည်နေရာနှင့် စီမံကိန်းတွင်ပါဝင်သည့် အဓိကအစိတ်အပိုင်းများပြသည့်မြေပုံကို ဖော်ပြထားပါသလား။ | Essential | | | |
| 2.1.4. | ကွင်းတာဝန်ခံ (မန်နေဂျာ) အပါအဝင် စီမံကိန်းအဆိုပြုသူနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဖော်ပြထားပါသလား။ (ဥပမာ - အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်နှင့် ဝက်ဘ်ဆိုက်လိပ်စာနှင့် တာဝန်ခံပုဂ္ဂိုလ် စသည်ဖြင့်) | Essential | | | |
| 2.1.5. | EMP လေ့လာမှုပြုလုပ်ခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအကြောင်း ရှင်းလင်းတင်ပြထားပါသလား။ | Essential | | | |
| 2.1.6. | EMP လေ့လာမှုတွင်ပူးပေါင်းပါဝင်ခဲ့သည့် ကျန်းမာရေးအပေါ်ထိခိုက်စေနိုင်သည့် စီမံကိန်းလုပ်ငန်းများအတွက် ကျန်းမာရေးကျွမ်းကျင်သူများ၏ တင်ပြချက်ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2.2. | **စီမံကိန်းအကြောင်းအရာဖော်ပြချက်** | | | | |
| 2.2.1. | ယေဘုယျအားဖြင့် EMP တွင် အောက်ပါစီမံကိန်းအကြောင်းအရာဖော်ပြချက်များ ဖော်ပြထားပါသလား-<br>- EMP ၏နယ်ပယ်အတိုင်းအတာ၊<br>- EMP တွင်ဆောင်ရွက်မည့် စီမံကိန်းအဆင့်အလိုက် ဖော်ပြရမည့် အချက်အလက်များကို ကျစ်လျစ်စွာဖော်ပြထားခြင်း၊<br>- သင့်တော်သည့်စကေးဖြင့်ဖော်ပြထားသော လွှမ်းခြုံမြေပုံ။ | Essential | | | |
| 2.2.2. | **စီမံကိန်းအကြောင်းအရာ ယေဘုယျဖော်ပြချက်** စီမံကိန်းအကြောင်းအရာနှင့်ပတ်သက်၍ အောက်ပါအချက်များကို ဖော်ပြထားပါသလား- | | | | |
| 1) | စီမံကိန်းတည်နေရာ | Essential | | | |
| 2) | စီမံကိန်းမြေရိယာအကျယ်အဝန်း | Dependent | | | Hint |
| 3) | စီမံကိန်းအဆင့်အားလုံးကိုဖော်ပြထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယား | Essential | | | |
| 4) | တည်ဆောက်မည့်အဆောက်အဦအရေအတွက် | Dependent | | | Hint |
| 5) | စီမံကိန်းကအသုံးပြုမည့် ဓါတုပစ္စည်းအပါအဝင် ကုန်ကြမ်းပစ္စည်းများ | Dependent | | | Hint |
| 6) | စီမံကိန်းအဆင့်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ | Essential | | | |
| 7) | စီမံကိန်းအဆင့်အလိုက်အသုံးပြုမည့် ယာဉ်/ ယန္တရားများ | Dependent | | | Hint |
| 8) | စီမံကိန်းအဆင့်အလိုက်အသုံးပြုမည့် လုပ်သားအင်အား | Essential | | | |
| 9) | တစ်ရက်အလုပ်လုပ်ချိန် | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 10) | ကုန်ပစ္စည်းအမျိုးအမည်နှင့် ထုတ်လုပ်မည့်နှုန်း | Dependent | | | Hint |
| 11) | ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို သွင်းအားစု (ဥပမာ - ကုန်ကြမ်းပစ္စည်း၊ လေ၊ ရေ)နှင့် ထွက်ရှိမှု (ကုန်ပစ္စည်း၊ ဘေးထွက်ပစ္စည်း၊ အညစ်အကြေး၊ ထုတ်လွှတ်မှု) အလိုက်ဖော်ပြထားသည့် လုပ်ငန်းစဉ်ပြကားချပ် | Dependent | | | Hint |
| 12) | နှစ်စဉ်အသုံးပြုမည့်ရေပမာဏနှင့် အဓိကရေအရင်းအမြစ် | Dependent | | | Hint |
| 13) | နှစ်စဉ်လောင်စာဆီအသုံးပြုမှုပမာဏ | Dependent | | | Hint |
| 14) | စီမံကိန်းလုပ်ငန်းများမှ စွန့်ထုတ်မည့် အညစ်အကြေး (အစိုင်အခဲ၊ အရည်၊ အငွေ့) များ၏ အမျိုးအစားနှင့် ပမာဏ | Essential | | | |
| 2.2.3. | **တည်ဆောက်ရေးကာလ စီမံကိန်းလုပ်ငန်းများ**<br>- အကြိုတည်ဆောက်ရေးနှင့် အဓိကတည်ဆောက်ရေးလုပ်ငန်းများအား ခြုံငုံဖော်ပြသည့် တည်ဆောက်ရေးအဆင့်လုပ်ငန်းဆောင်ရွက်မှုများ၊<br>- တည်ဆောက်ရေးကာလတွင် ထိခိုက်ခံစားရနိုင်သည့် နေရာများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား လွှမ်းခြုံဖော်ပြသည့် မြေပုံ၊<br>- စီမံကိန်းလုပ်ငန်းခွင်နေရာချထားမှုပြမြေပုံ၊<br>- အကောင်အထည်ဖော်မည့်အချိန်ဇယားကိုဖော်ပြသည့် လွှမ်းခြုံဇယား။ | Dependent | | | Hint |
| 2.2.4. | **လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးနှင့် နောက်ကာလများအတွက် စီမံကိန်းလုပ်ငန်းများ**<br>- အပ်စပ်ပါက လုပ်ငန်းရပ်ဆဲခြင်းကာလအပါအဝင် လုပ်ငန်းလည်ပတ်ရေးကာလဆောင်ရွက်မှုများ၊<br>- အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းနှင့် အခြားသယံဇာတအသုံးပြုမှုအကျဉ်းချုပ်၊<br>- လုပ်ငန်းလည်ပတ်ရေးကာလတွင် ထိခိုက်ခံစားရနိုင်သည့် နေရာများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား လွှမ်းခြုံဖော်ပြသည့် မြေပုံ၊<br>- စီမံကိန်း လုပ်ငန်းခွင်နေရာချထားမှုပုံစံပြမြေပုံ၊<br>- စီမံကိန်းလုပ်ငန်းလည်ပတ်မှုကိုဖော်ပြသည့် လွှမ်းခြုံဇယား။ | Essential | | | |
| 2.2.5. | ထုတ်လုပ်မှုလုပ်ငန်းစဉ်ပါဝင်သည့် သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် အခြားအလားတူလုပ်ငန်းအမျိုးအစားများတွင် လုပ်ငန်းလည်ပတ်ရေးကာလအတွက် အောက်ပါအချက်များကို ဖော်ပြထားပါသလား-<br>- ထုတ်လုပ်မှုအကြောင်းဖော်ပြချက်၊<br>- အဓိကထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် အချိန်နှင့် ကြာမည့်ကာလ။ | Dependent | | | Hint |
| | **အပိုင်း(၂) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 3. | **အနီးပတ်ဝန်းကျင် အကြောင်းအရာများဖော်ပြချက်** | | | | |
| 3.1. | သရုပ်ခွဲဆန်းစစ်ခြင်း၊ ကောက်ယူခဲ့သည့်အချက်အလက်များနှင့် အသုံးပြုသည့်နည်းလမ်းများ၏ ကိုယ်စားပြုမှုဆိုင်ရာဖော်ပြချက် | | | | |
| 3.1.1. | **လေ့လာမည့်နယ်မြေဧရိယာနှင့် ကန့်သတ်ချက်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း**<br>လေ့လာမှုဆိုင်ရာကန့်သတ်ချက်များကို သတ်မှတ်ထားပါသလား။ (ဥပမာ - လေ့လာမည့်နယ်မြေဧရိယာနှင့် နယ်နိမိတ်ဆိုင်ရာ ကန့်သတ်ချက်များ၊ ဖြစ်ပေါ်နိုင်သည့် တိုက်ရိုက် သို့မဟုတ် တဆင့်ခံ သက်ရောက်မှုများ၊ စီမံကိန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများ) | Dependent | | | Hint |
| 3.1.2. | ရူပဆိုင်ရာ၊ သက်ရှိဇီဝဆိုင်ရာ၊ လူမှုရေး၊ လူမှု-စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ရှုခင်းရှုကွက်များစသည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ပါသလား။ | Dependent | | | Hint |
| 3.1.3. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ တည်နေရာပြမြေပုံကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.4. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ တည်နေရာပြ Coordinate အမှတ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.5. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ မြေပြင်အခြေအနေပြမှတ်တမ်းဓါတ်ပုံများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.6. | လက်ရှိဆူညံသံနှင့် တုန်ခါမှု အခြေအနေကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.7. | လက်ရှိမြေပေါ်ရေနှင့် မြေအောက်ရေအရည်အသွေးအခြေအနေကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.8. | လက်ရှိ အမှုန်ဒြပ်ထုနှင့် အနံ့အခြေအနေကို ဖော်ပြထားပါသလား။ | Optional | | | Hint |
| 3.1.9. | လက်ရှိမြေဆီလွှာအခြေအနေကို ဖော်ပြထားပါသလား။ | Optional | | | Hint |
| 3.1.10. | လက်ရှိသစ်ပင်သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ တည်ရှိမှုအခြေအနေကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.1.11. | စီမံကိန်းဧရိယာအနီး လက်ရှိလူမှု-စီးပွားဆိုင်ရာ အခြေအနေများကို ဖော်ပြထားပါသလား။ | Optional | | | Hint |
| | **အပိုင်း(၃) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 4. | **သက်ရောက်မှုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ** | | | | |
| 4.1. | စီမံကိန်းအဆင့်တစ်ခုချင်းအလိုက် ဖြစ်ပေါ်နိုင်သည့်သက်ရောက်မှုများအား ဆန်းစစ်ဖော်ထုတ်နိုင်ရေး သင့်တော်သည့်နည်းလမ်းကို အသုံးပြုထားပါသလား။ | Optional | | | Hint |
| 4.2. | သဘာဝဝန်းကျင်၊ လူမှု-စီးပွားဝန်းကျင်၊ မြင်ကွင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာများအပေါ် ဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးသက်ရောက်မှုများအားလုံးကို ခြုံငုံဖော်ပြထားပါသလား။ | Essential | | | |
| 4.3. | EMP အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ဆိုးကျိုးသက်ရောက်မှုများအတွက် လျှော့ချမည့်နည်းလမ်းများကို ဖော်ပြထားပါသလား။ | Essential | | | |
| 4.4. | အကြိုတည်ဆောက်ရေး၊ တည်ဆောက်ရေး၊ လုပ်ငန်းလည်ပတ်ရေး၊ (သက်ဆိုင်ပါက) ရပ်နားခြင်း/ ပိတ်သိမ်းခြင်း/ ပိတ်သိမ်းပြီးနောက်စသည့် စီမံကိန်းလုပ်ငန်းအဆင့်တိုင်းအတွက် လျော့ပါးစေရေးနည်းလမ်းများကို ထည့်သွင်းစဉ်းစားဖော်ပြထားပါသလား။ | Essential | | | |
| 4.5. | အောက်ပါအဓိကသက်ရောက်မှုရင်းမြစ်များ၏ ပြင်းအားကို စီမံကိန်းအဆင့်အလိုက် ဖော်ထုတ်သတ်မှတ်ပြီးပါက ဆောင်ရွက်မည့်လျှော့ချရေးအစီအမံများသည် လမ်းညွှန်ချက်၊ EQEG တွင်ဖော်ပြချက်နှင့် အခြားစီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုထားသည့် လမ်းညွှန်ချက်နှင့် စံနှုန်းဘောင်များအတွင်း ရှိပါသလား- | | | | |
| 4.5.1. | ဆူညံမှု | Dependent | | | Hint |
| 4.5.2. | တုန်ခါမှု | Dependent | | | Hint |
| 4.5.3. | လေအရည်အသွေး | Dependent | | | Hint |
| 4.5.4. | ရေအရည်အသွေး | Dependent | | | Hint |
| 4.5.5. | စွန့်ပစ်ပစ္စည်း | Essential | | | |
| 4.5.6. | စွန့်ထုတ်ရေ | Dependent | | | Hint |
| 4.5.7. | အနံ့အသက် | Dependent | | | Hint |
| 4.5.8. | ဓါတုပစ္စည်း | Dependent | | | Hint |
| 4.5.9. | တိုက်စားမှုနှင့် နုန်းအနည်အနှစ် | Dependent | | | Hint |
| 4.5.10. | ဇီဝမျိုးစုံမျိုးကွဲ | Dependent | | | Hint |
| 4.5.11. | လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး | Dependent | | | Hint |
| 4.5.12. | လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး | Optional | | | Hint |
| 4.5.13. | ယဉ်ကျေးမှု အမွေအနှစ်များ | Optional | | | Hint |
| | **အပိုင်း(၄) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 5. | **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ** | | | | |
| 5.1. | **အထွေထွေ** | | | | |
| 5.1.1. | အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.1.2. | EMP တွင်ဖော်ပြထားသည့် အစီအစဉ်များအား အကောင်အထည်ဖော်မည့် အချိန်ဇယားကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.1.3. | **အရေးပေါ်တုန့်ပြန်မှုအစီအစဉ်**<br>လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်နည်းလမ်းများပါဝင်သော အရေးပေါ်တုန့်ပြန်မှုအစီအစဉ်ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.1.4. | အရေးပေါ်အခြေအနေများတွင် ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်လေ့ကျင့်သင်ကြားပေးရေးအစီအမံများကို ထည့်သွင်းဖော်ပြထားပါသလား။ | Optional | | | Hint |
| 5.1.5. | အရေးပေါ်အခြေအနေကြုံတွေ့ပါက မည်ကဲ့သို့လုပ်ဆောင်မည်ဖြစ်ကြောင်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်မည့် အစီအမံများကို ထည့်သွင်းဖော်ပြထားပါသလား။ | Optional | | | Hint |
| 5.1.6. | **လူမှုဆိုင်ရာ စုပေါင်းတာဝန်ယူမှုမူဝါဒ (CSR)**<br>ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR အစီအစဉ် သို့မဟုတ် အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ခြင်းအစီအစဉ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.1.7. | CSR အစီအစဉ်အတွက် ရန်ပုံငွေခွဲဝေချထားမှုကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.1.8. | CSR လုပ်ငန်းများအကောင်အထည်ဖော်မည့် အခြားစီမံချက်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.2. | **စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့် အထောက်အကူပြုအစီအစဉ်များ**<br>EMP အား အမှန်တကယ်အကောင်အထည်ဖော်နိုင်ရေး အောက်ဖော်ပြပါ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့် အထောက်အကူပြုအစီအစဉ်များကို ဖော်ပြထားပါသလား- | | | | |
| 5.2.1. | EMP တွင်ဖော်ပြထားသည့်အဆိုပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချောမွေ့စေရေး စီမံကိန်းအဆိုပြုသူ၏ အဖွဲ့အစည်းအတွင်းနှင့် စီမံကိန်းပြင်ပအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရေးယန္တရား | Optional | | | Hint |
| 5.2.2. | အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ် | Essential | | | |
| 5.2.3. | အစီရင်ခံစာတွင်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြချက်များအပေါ် စီမံကိန်းအဆိုပြုသူ၏ ကတိကဝတ်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.2.4. | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် (ဥပမာ - ISO 14001) | Optional | | | Hint |
| 5.3. | **စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်**<br>စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် အောက်ပါအချက်များကို ရှင်းလင်းတင်ပြထားခြင်း ရှိ မရှိ | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 5.3.1. | စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်သည် စီမံကိန်း၏ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းအဆင့်များအားလုံးကို လွှမ်းခြုံမှုရှိပါသလား။ | Essential | | | |
| 5.3.2. | စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် နမူနာအချက်အလက်များကောက်ယူမည့် တည်နေရာများကို ဖော်ပြထားသည့် (၁:၂၀,၀၀၀) စကေးရှိ စီမံကိန်းလုပ်ငန်းခွင်နေရာချထားမှု ပုံစံပြမြေပုံကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.3.3. | ရန်ပုံငွေခွဲဝေချထားမှု၊ ပါရာမီတာ၊ တည်နေရာစသည့်အချက်များပါဝင်သော စောင့်ကြပ်ကြည့်ရှုခြင်း နည်းလမ်းများဆိုင်ရာဖော်ပြချက်နှင့် လိုက်နာဆောင်ရွက်မည့် လွှမ်းမိုးနေသည့်ပါရာမီတာများ၊ စံနှုန်းများပါဝင်သော အကြိမ်အရေအတွက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.3.4. | အချက်အလက်များအား အမိပွါယ်ဖော်ထုတ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.3.5. | စောင့်ကြပ်ကြည့်ရှုခြင်းအား တာဝန်ယူသည့် တာဝန်ခံ/ အဖွဲ့အစည်းကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.4. | **EMP အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ယေဘုယျအသုံးစရိတ်** | | | | |
| 5.4.1. | EMP အားအကောင်အထည်ဖော်ခြင်းအတွက် ကုန်ကျစရိတ်အား ခန့်မှန်းဖော်ပြထားပါသလား။ (ဥပမာ - လျှော့ချမည့်နည်းလမ်းများ၊ ဝန်ကြီးဌာန၏စိစစ်ဆေးမှုခံရန် ရန်ပုံငွေ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ထမ်းများခန့်ထားခြင်းအတွက် ကုန်ကျငွေ၊ နေထိုင်သွားလာရေး (Logistics) ဆိုင်ရာ ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များ) | Essential | | | |
| 5.4.2. | ဝန်ကြီးဌာနနှင့် အခြားအစိုးရဌာနများ ပုံမှန်လာရောက်စစ်ဆေးရာတွင် အသုံးပြုနိုင်ရေး လုံလောက်သည့်ရန်ပုံငွေကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.5. | **စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း** | | | | |
| 5.5.1. | စီမံကိန်းတည်နေရာ သို့မဟုတ် အနီးဝန်းကျင်တွင် သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများရှိပါက ယင်းတို့၏အမြင်နှင့် သဘောထားမှတ်ချက်များအား အစီရင်ခံစာတွင် ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.5.2. | တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းတွင် အစိုးရဌာနများ၊ PAPs များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကြံပြုချက်၊ သဘောထားမှတ်ချက်များအား ထည့်သွင်းစဉ်းစားပြီး မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသလား။ | Optional | | | Hint |
| 5.5.3. | စီမံကိန်းအဆိုပြုသူက အစိုးရဌာနများ၊ PAPs များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအားတွေ့ဆုံ၍ စီမံကိန်းကြောင့်ဖြစ်ပေါ်မည့် ဆိုးကျိုးသက်ရောက်မှုများနှင့် အဆိုပါဆိုးကျိုးများအပေါ် လျှော့ချမည့်အစီအမံများအား ရှင်းလင်းတင်ပြထားပါသလား။ | Optional | | | Hint |
| 5.5.4. | စီမံကိန်းတည်နေရာ သို့မဟုတ် အနီးဝန်းကျင်တွင် သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများရှိပါက ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် တာဝန်ခံကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.5.5. | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအပါအဝင် ဆွေးနွေးဆုံးဖြတ်ချက်ရလဒ်များအား ဖော်ပြထား | Optional | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ပါသလား။ | | | | |
| | အပိုင်း(၅) အတွက် ခြုံငုံသုံးသပ်ချက် | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 6. | **နိဂုံးချုပ်နှင့် အကြံပြုချက်များ** | | | | |
| 6.1. | **နိဂုံးချုပ်** | | | | |
| 6.1.1. | စီမံကိန်း၏အင်အားဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့် ကြွင်းကျန်ပြဿနာများအား အစီရင်ခံစာတွင် ဖော်ထုတ်တင်ပြထားပါသလား။ | Essential | | | |
| 6.2. | **အကြံပြုချက်များ** | | | | |
| 6.2.1. | နိဂုံးချုပ်တွင် စီမံကိန်း၏အင်အားဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့် ကြွင်းကျန်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အကြံပြုချက်များ ဖော်ပြထားပါသလား။ | Essential | | | |
| 6.2.2. | စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အခြေအနေများကို ရှင်းလင်းဖော်ပြထားပါသလား။ | Essential | | | |
| | **အပိုင်း(၆) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

**စိစစ်သုံးသပ်ချက်အကျဉ်းချုပ်**

တိုက်ဆိုင်စိစစ်ခဲ့သည့် အချက်များအားလုံးအပေါ် စိတ်ကျေနပ်မှုရှိပါသလား။ (ဆိုလိုသည်မှာ A သို့မဟုတ် B သို့မဟုတ် C ဖြစ်ပါသလား။)

○ Yes ◉ No

ရက်စွဲ မှတ်တမ်းတင်သူ

---

**တိုက်ဆိုင်စိစစ်သည့်အချက်များအပေါ် အဆင့်ခွဲခြင်း**

| အဆင့် | ရှင်းလင်းချက် |
|---|---|
| A | ယေဘုယျအားဖြင့် ကောင်းစွာဆောင်ရွက်ထားပြီး အရေးကြီးအချက်အလက်များ ကျန်ရစ်ခဲ့ခြင်း မရှိပါ။ (လိုအပ်ချက်၏ ၈၀-၁၀၀% ကိုလွှမ်းခြုံမိသည်။) |
| B | အရေးမပါသည့် အချို့သောအချက်များကျန်ရစ်ခြင်း၊ ပြည့်စုံလုံလောက်မှုမရှိခြင်းများမှလွဲ၍ စိတ်ကျေနပ်မှုရှိပါသည်။ (လိုအပ်ချက်၏ ၆၀-၈၀% ကိုလွှမ်းခြုံမိသည်။) |
| C | အချို့သောအချက်များကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများရှိသော်လည်း စိတ်ကျေနပ်မှုရှိရုံဖြစ်ပါသည်။ (လိုအပ်ချက်၏ ၄၀-၆၀% ကိုလွှမ်းခြုံမိသည်။) |
| D | အရေးကြီးအချက်များ ကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများကြောင့် စိတ်ကျေနပ်မှုမရှိပါ။ (လိုအပ်ချက်၏ ၂၀-၄၀% ကိုသာ လွှမ်းခြုံမိသည်။) |
| E | အရေးကြီးအချက်များ ကောင်းစွာဆောင်ရွက်ထားမှုမရှိခြင်း၊ လုံးဝဆောင်ရွက်မထားခြင်းများကြောင့် စိတ်ကျေနပ်မှု လုံးဝမရှိပါ။ (လိုအပ်ချက်၏ ၀-၂၀% ကိုသာ လွှမ်းခြုံမိသည်။) |
| N.A. | အဆိုပြုစီမံကိန်းနှင့် တိုက်ဆိုင်စိစစ်သည့်အချက်မှာ ဆီလျော်မှုမရှိပါ။ |